# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး

# ဆဌမနေ့ အစီအစဉ်

# [ ၂၃- ၁၁ - ၂၀၁၆ ]

# (ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ဆဌမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းများကို ဟိုတယ်နှင့်ခရီး သွားလာရေး လုပ်ငန်းအတွက် ငှားရမ်းထားခြင်းဖြင့် ဒေသခံပြည်သူများ အကျိုးဖြစ်ထွန်းပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ အတွက် မည်ကဲ့သို့ စီမံခန့်ခွဲ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ရွာပောင်းတောကျေးရွာအုပ်စု၊ မောင်သာကုန်းကျေးရွာရှိ လယ်သမား(၆)ဦးပိုင် လယ်ယာမြေ (ကွင်းအမှတ်-၈၈၉ ဂျီ)ကို မြောက်ဦး အခြေစိုက်အမှတ်(၃၇၈) ခြေမြန်တပ်ရင်းက သိမ်းဆည်းထားခြင်းကို မူလပိုင်ရှင် လယ်သမားများထံသို့ တရားဝင် ပြန်လည်လွှဲပြောင်းပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **မွန်ပြည်နယ်၊ ရေးမြို့တွင် ချောင်းရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးလုနီးပါးဖြစ်နေသည့် ရေးမြို့ ကမ်းနားလမ်းရှိ ကျောက်စီမြေထိန်းနံရံနှင့် ကမ်းနားလမ်းအား ပြည်ထောင်စု အစိုးရမှ ပြင်ဆင်တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်းမြို့ လေယာဉ်ကွင်း မွမ်းမံပြင်ဆင်နေခြင်းကို မည်သည့်အချိန်တွင် ပြီးစီး၍ ခရီးစဉ် စတင်ပြေးဆွဲနိုင်မည်ကို သိရှိလိုခြင်းနှင့် ခေါင်လန်ဖူးမြို့နယ်တွင် သင့်လျော်သောနေရာ၌ လေယာဉ်ကွင်း တည်ဆောက် ပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **မြန်မာနိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းနေသည့် သံလွင်မြစ်အား ရေရှည်ပိုင်ပိုင်နိုင်နိုင် အသုံးပြုရေး အတွက် အနာဂတ်ကာလတွင် ရင်ဆိုင်တွေ့ကြုံရဖွယ်ရှိသော ပြဿနာ water resource management conflict များ ကြိုတင်ကာကွယ် တားဆီးနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် transboundary water management Agreement ဆောင်ရွက်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **နှစ် ၂၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော ရန်ကုန် - သန်လျင်တံတား ယာဉ်ဖြတ်သန်းခ ကောက်ခံမှုအား ဖြေလျှော့ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊
တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

( ခ ) ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် သတ္တမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။